# ရှမ်းလူထု အဖွဲ့အစည်းများမှသတင်းထုတ်ပြန်ကြေငြာချက်

ဩဂုတ်လ၂၃ ရက်၂၀၁၆

**သံလွင်မြစ်သည်ရောင်းစားရန်မဟုတ်ဟုရှမ်းလူထုအဖွဲ့အစည်းများကမြန်မာအစိုးရထံကြေငြာလိုက်သည်။**

ယနေ့ထိုင်းနိုင်ငံဘန်ကောက်မြို့တွင်ရှမ်းလူထုအဖွဲ့အစည်းများစုပေါင်းပြီး၊ရှမ်းပြည်နယ်မြောက်ပိုင်းစစ်ဖြစ်ပွား ပိုင်းစစ်ဖြစ်ပွားရာဒေသအတွင်းရှိသံလွင်မြစ်ပေါ်တွင်တည်ဆောက်မည့်ရေကာတာများနှင့်တရုတ်နိုင်ငံသို့တင်ပု နိုင်ငံသို့တင်ပို့ပေးမည့်ရေအားလျှပ်စစ်အတွက်ပြင်ဆင်နေခြင်းနှင့်ပတ်သက်၍သတင်းစာရှင်းလင်းပွဲပြုလုပ်ပါသ လင်းပွဲပြုလုပ်ပါသည်။

လွန်ခဲ့သောလအနည်းငယ်တွင်တရုတ်နိုင်ငံအစိုးရပိုင်တရုတ်ရေအားလျှပ်စစ်ကုမ္ပဏီသည်မီကာဝပ်၁၂၀၀ ထွက်မ ည့်ရှမ်းပြည်နယ်အတွင်းရေကာတာတစ်ခုဖြစ်သည့်သံလွင်မြစ်ပေါ်ရှိနော င်ဖာရေကာတာတည် ဆောက်ရန်ဦးတည်နေပါသည်။နောင်ဖာရေကာတာသည်လက်နက်ကိုင်အဖွဲ့အစည်းများအများစုဝန်းရံလျှက်ရှိ သောဒေသတစ်ခုဖြစ်သလိုအစိုးရစစ်တပ်နှင့်တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များမကြာခဏတိုက်ပွဲ ဖြစ်ရာ ဒေသလည်းဖြစ်သည်။တည်နေရာအားဖြင့်အနောက်ဘက်ကမ်းတွင်တိုင်းရင် းသားလက်နက်ကိုင်တပ်ဖွဲ့များ တပ်စွဲထားကြပြီးအရှေ့ဘက်ခြမ်းတွင် ဝပြည်သမဂ္ဂတပ်ဖွဲ့ကြီးတည်ရှိပါသည်။

စစ်ဖြစ်နေသည့်ဒေသကြားတွင်ဩစတြေးလျ SMEC ကုမ္ပဏီသည်နောင်ဖာရေကာတာတည်ဆောက်နိုင် ရေးအတွက်သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအကဲဖြတ်ခြင်းနှင့်လူ့အသိုင်းအဝန်းထိခိုက်မှုအကဲဖြတ်ခြင်း ကိုလျှို့ဝှက်စွာအကောင်အထည်ဖေါ်နေပါသည်။လွန်ခဲ့သောနစ်တွင်ရှမ်းပြည်နယ်တောင်ပိုင်းအတွင်းသံလွင်မြစ် သံလွင်မြစ်ရေကာတာတစ်ခုဖြစ်သည့်မိုင်းတုံရေကာတာတည်ဆောက်နိုင်ရေးအတွက်၄င်းနည်း တူကြိုး ပမ်းရာတွင်ရှမ်းပြည်နယ်တွင်းရှိလူထုများနှင့်ဒေသခံများဝိုင်းဝန်းဆန့်ကျင်ခဲ့ကြသဖြင့်၄င်းတို့ SMEC ၏လုပ်ငန် း ဆိုင်းငံ့ခဲ့ရပါသည်။ထို့ကြောင့်နောင်ဖာရေကာတာအတွက်လူထုတွေ့ဆုံပြီးအချက်အလက်ရယူရာတွင်၄င်း တို့ကိုဆန့်ကျင်သောဒေသခံများအားရှောင်ရှားပြီးလုပ်ဆောင်နေသည်။

ယခင်နစ်တွင်မိုင်းတုံရေကာတာအတွက်ပတ်ဝန်းကျင်နှင့်လူ့အသိုက်အဝန်းထိခိုက်မှုအချက်ကောက်ယူဆန်းစစ် ကောက်ယူဆန်းစစ်ခြင်းကိုလူထုအများနှင့်တွေ့ဆုံဆွေးနွေးပွဲတောင်ကြီးမြို့တွင်ပြုလုပ်ခဲ့ရာလူထု၏ဆန့်ကျင် ရာလူထု၏ဆန့်ကျင်ခြင်းကိုခံခဲ့ရသဖြင့်ယခုနစ် တောင်ကြီးတွင်လူထုတွေ့ဆုံပွဲကိုမလုပ်တော့ပေ။နောင်ဖါအနီး နောင်ဖါအနီးရှိလူထုကိုတွေ့ဆုံပွဲလုပ်သော်လည်းအချိန်နီးကပ်မှသာအကြောင်းကြားခဲ့သည်။

နောင်ဖါရေကာတာ သတင်း ထွက်လာသောအခါလူထုကဆန္ဒပြကြသည်။တန့်ယန်းမြို့နယ် ကျေးရွာ အုပ်စု အုပ်စု ၉ စုမှဒေသခံလူထုနှင့်လူထုကိုယ်စားလှယ်များ (၂၅၀) ဦးခန့်ကဩဂုတ်လ၅ရက်နေ့တွင်ဆန့်ကျ င်ဆန္ဒပြခဲ့ကြသည် ။အဆိုပါနောင်ဖာရေကာတာဆန့်ကျင်ရေးလှုပ်ရှားမှုတွင် SNLD မှလွှတ်တော် ကိုယ်စား လှယ်ဦးဆောင်ပါဝင်ခဲ့သည်။ဩဂုတ်လ၂၁ရက်နေ့တွင်ဟိုပန်၊ကွန်လုံ၊တန့်ယန်း၊ လားရှိုး၊သိန္နီမှရပ်ရွာ

လူထုခေါင်းဆောင်အသီးသီး (၆၀) ဦးခန့်နှင့် SNLD လွှတ်တော်ကိုယ်စားလှယ်သုံးဦးတို့သည်နောင်ဖာ
ရေကာတာဆန့်ကျင်ရေးဆန္ဒပြခဲ့ကြသည်။

ဒေသခံလူထုများအလွန်စိုးရိမ်ရသည်မှာရေကာတာတည်ဆောက်ပါကလုံခြုံရေးအတွ က်စစ်အင်အား
တိုးချဲ့လာပြီးစစ်ပွဲဖြစ်ပွားမှုများတိုးပွားလာကာစစ်ဘေးရှောင်ရမည်။ထို့အတူငလျှင်လှုပ်ပြီးရေကာတာပြို
ကျပါကနောင်ဖာရေကာတာအနီးတဝိုက်ရှိမြို့နယ်များရေလွှမ်းမိုးမည်။ဟိုပန်မြို့သည် ဝလူမျိုးများ နေထို င်ရာ
မြို့နယ်ဖြစ်၍နောင်ဖာရေကာတာ၏ ဆိုးကျိုးခံရမည့်နေရာတခုပါဝင်ပါ သည်။နောင်ဖာ ရေကာတာအထက်ပိုင်
းရှိဟိုပန်မြို့သည် လွန်ခဲ့သော တလခန့်က ရေကြီးမှု နှင့် ငလျှင်ဒဏ် ခံခဲ့ရသည်။ဟိုပန်မြို့သည် နမ့်တိမ်
နမ့်တိမ်း ငလျှင် ပြတ်ရွေ့ကြော ပေါ်တွင် တည်ရှိသည်။

တရုတ်နိုင်ငံယူနန်ဒေသတွင်းရှိသံလွင်မြစ် (နုမြစ်) ပေါ်တွင်တည်ဆောက်မည့်ရေကာတာအား ၄င်းတို့
တရုတ်ကို ယ်တိုင်မတည်ဆောက်ရန်ဆိုင်းငံ့ထားခဲ့ သည်၊အဘယ်ကြောင့်ဆိုသော်ထို ဒေသသည်ငလျှင်
ကြောအန္တာရယ်ပေါ်တွင်တည်ရှိနေသောကြောင့်ဖြစ်သည်။

ဒေါ်အောင်ဆန်းဆုကြည်တရုတ်နိုင်ငံသို့ချစ်ကြည်ရေးခရီးမသွားမီမြန်မာနိုင်ငံအစိုးရသည်လျှပ်စစ်စွမ်းအင်ဖြည်
စ်စွမ်းအင်ဖြည့်တင်းရေးအတွက်သံလွင်ရေကာတာများတည်ဆောက်ရန်ကြေငြာချက်ထုတ်ပြန်လိုက်သည်။
လိုက်သည်။၎င်းရေကာတာများကိုတရုတ်နိုင်ငံကတည်ဆောက်မည်ဖြစ်ပြီးထွက်လာမည့်လျှပ်စစ်ဓါတ်အားများ
တ်အားများကိုတရုတ်နှင့်အခြားအိမ်နီးချင်းနိုင်ငံများကယူဆောင်သွားမည်ဖြစ်သည်။

"လတ်တလောအချိန်တွင်လူအများစုသည်ရောဂါတီမြစ်ပေါ်ကမြစ်ဆုံရေကာတာကိုအာရုံစူးစိုက်နေချိန်မှာမြန်မာ
မြန်မာအစိုးရကတရုတ်တွေကိုသံလွင်မြစ်တိတ်တဆိတ်ရောင်းပေးလိုက်တာပဲ" ဟုရှမ်းသဘာဝပတ်ဝန်း
ကျင်အရေးလှုပ်ရှားသူစိုင်းခေးဆိုင်ကပြောပါသည်။ "သံလွင်မြစ်ရေကာတာအားမြစ်ဆုံအစားထိုးလိုက်မည်ကို
ကျွန်ုပ်တို့အလွန်စိုးရိမ်ပါတယ်" ဟုဆက်ပြောပါသည်။

ဩဂုတ်လ (၁၇) ရက်တွင်ရှမ်းလူထုအဖွဲ့အစည်းများစုစည်းကာဒေါ်အောင်ဆန်းဆုကြည်ထံသံလွင်မြစ်
ပေါ်တည်ဆောက်မည့်ရေကာတာစီမံကိန်းများအားလုံးရပ်တန့်ထားရန်အိတ်ဖွင့်စာပေးပို့ခဲ့ပါသည်။ရှမ်းလူထု
ရှမ်းလူထုများအသိပေးလိုသည်မှာတန်ဖိုးမဖြတ်နိုင်သောသံလွင်မြစ်သည်မြန်မာနိုင်ငံအရှေ့ပိုင်းနေတိုင်း
ရင်းသားပြည်သူလူထုအမြောက်အများမှီခိုအားထားနေသောမြစ်တစ်စင်းဖြစ်သည့်အပြင်၎င်းရေကာတာများသ
ကာတာများသည်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိုလည်းအကြီးအကျယ်ထိခိုက်မည်ဖြစ်ပါသည်။

"တကယ်လို့တရုတ်ကမြန်မာနိုင်ငံငြိမ်းချမ်းရေးရှိဖို့လိုလားရင်ဘာကြောင့်စစ်ပွဲပဋိပက္ခမီးကိုဖြစ်ပွားစေတဲ့သံလွင်
ားစေတဲ့သံလွင်ရေကာတာများတည်ဆောက်ချင်ရတာလဲ" ဟုစိုင်းခေးဆိုင်ကဆက်ပြောပါသည်။

*နောင်ဖါရေကာတာနှင့်ပတ်သက်သည့် အကျဉ်းချုပ်စာတမ်း နှင့် ရှမ်းလူထုအဖွဲ့ ၂၆
ဖွဲ့ကဒေါ်အောင်ဆန်းစုကြည်ထံပေးပို့သောအိတ်ဖွင့်ပေးစာအကြောင်းများကိုအသေးစိတ်သိရှိလိုပါကwww.sh
anhumanrights.org*ဝက်ဖ်ဆိုင်တွင်ကြည့်နိုင်ပါသည်။

ဆက်သွယ်ရန်

စိုင်းခေးဆိုင် +668 1672 2031 နှင့်+959 264 362973
နန်းစမ်သောင်း +668 1630 6655
စိုင်းပော်ရှုန် +668 2941 9600